# &ia,m[eloO'pmyxrapmi

၁ ကမ္ဘာစတည်ကတည်းကပင် တည်ရှိသောအရာ
အကြောင်းကို ငါတို့သည် သင်တို့အား ယခုပြော
ပြ၏။ ထိုအကြောင်းကို

ငါတို့ ကိုယ်တိုင်ကြားရသည်။
ငါတို့၏မျက်စိနှင့်မြင်ရသည်။
ငါတို့ စောင့်ကြည့်ကြသည်။
ငါတို့၏ လက်နှင့်စမ်းသပ်သည်။

ငါတို့သည် အသက်ကိုပေးသော နှုတ်ကပတ်တော်
*(ခရစ်တော်)*အကြောင်းကို ရေး၏။ ၂ ထိုအသက်ကို
ငါတို့အား ပြတော်မူခဲ့၍ ငါတို့ မြင်ရကြ၏။ ငါတို့
သက်သေပြနိုင်၏။ ယခု ထိုအသက်အကြောင်းကို
ပြော၏။ အစဉ်အမြဲရှိသောအသက်ဖြစ်၏။ ခမည်း
တော်ဘုရားသခင်နှင့် အတူရှိသော အသက်ဖြစ်၏။
ဘုရားသခင်သည် ငါတို့အား ထိုအသက်ကိုပြတော်
မူ၏။ ၃ ငါတို့သည် ကြားရ၊ မြင်ရသောအရာများ
အကြောင်းကို သင်တို့အား ယခုပြောပြ၏။ အဘယ်
ကြောင့်ဆိုသော် သင်တို့အား ငါတို့နှင့်အတူ မိတ်
သဟာယဖွဲ့စေလိုသောကြောင့်ဖြစ်၏။ ငါတို့ အတူတ
ကွမိတ်သဟာယဖွဲ့ခြင်းသည် ခမည်းတော်ဘုရား
သခင်နှင့်သားတော်ယေရှုခရစ်တော်အားဖြင့်ဖြစ်၏။
၄ သင်တို့သည် ငါတို့နှင့်အတူ ဝမ်းမြောက်စေ ရန်
ဤအကြောင်းကို သင်တို့အား ရေးပို့လိုက်၏။

**ဘုရားသခင်သည် အပြစ်များကို ခွင့်လွှတ်ခြင်း**

၅ ဘုရားသခင်ထံမှ မှန်ကန်သောဩဝါဒကို ငါ
တို့ကြားရ၏။ ဘုရားသခင်သည် အလင်း *(ကောင်း
မြတ်ခြင်း)*ဖြစ်၏။ ဘုရားသခင်၌ အမှောင် *(အပြစ်)*
မရှိပါ။ ၆ ထို့ကြောင့် ငါတို့သည် ဘုရားသခင်နှင့်
မိတ်သဟာယဖွဲ့သည်ဟုပြောပြီး အမှောင်ထဲ၌ဆက်
လက်နေထိုင်သွားလျှင် ငါတို့သည် လူလိမ်များဖြစ်
ကြသည်။ သမ္မာတရား၏နောက်ကို မလိုက်။ ၇ ဘုရား
သခင်သည် အလင်း*(ကောင်းမြတ်ခြင်း)*ထဲ၌ ရှိ
တော်မူ၏။ ထိုအလင်းထဲတွင် အသက်ရှင်ကြသော
ငါတို့သည် တစ်ဦးနှင့်တစ်ဦး မိတ်သ ဟာယဖွဲ့ကြ
ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထို အလင်းထဲတွင်
အသက်ရှင်သောအခါ ယေရှု၏ အသွေးတော်သည်
ကျွန်ုပ်တို့၏ အပြစ်အားလုံးကို ဆေးကြောပစ်၏။
(ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်၏။)
၈ ငါတို့၌ အပြစ်မရှိဟုဆိုလျှင် ငါတို့သည် မိမိ
ကိုယ်ကို လိမ်ညာခြင်းဖြစ်၍ သမ္မာတရားသည်
ငါတို့အထဲ၌ မရှိ။ ၉ သို့သော် ငါတို့၏ အပြစ်များကို
ဖော်ပြတောင်းပန်လျှင် ဘုရားသခင်သည် ငါတို့၏
အပြစ်များကို ခွင့်လွှတ်လိမ့်မည်။ ဘုရားသခင်သည်
ယုံကြည်စိတ်ချရသည်။ ဘုရားသခင်သည် မှန်ကန်
စွာပြုတတ်၏။ ငါတို့ ပြုလုပ်ခဲ့သော အမှားအားလုံးမှ
စင်ကြယ်စေလိမ့်မည်။ ၁၀ ငါတို့သည် အပြစ်မလုပ်
ပါဟု ပြောလျှင် ဘုရားသခင်ကို လိမ်ညာခြင်းဖြစ်
သည်။ ဘုရားသခင်၏မှန်ကန်သော သွန်သင်ချက်
ကို လက်မခံခြင်းဖြစ်သည်။

**ယေရှု၏မစခြင်း**

၂ ချစ်သားတို့ သင်တို့သည် အပြစ်မပြုကြရန် ဤ
စာကို ရေးသားလိုက်၏။ သို့သော် တစ်ဦး
တစ်ယောက်က အပြစ်ပြုမိလျှင် ငါတို့ကို မစရန်
ယေရှုရှိ၏။ ယေရှုသည် ဖြောင့်မတ်သောသူ ဖြစ်၏။
ယေရှုသည် ဘုရားသခင်ရှေ့၌ ငါတို့ကို ကာကွယ်
ပေး၏။ ၂ ယေရှုသည် ငါတို့၏အပြစ်များကို သယ်
ဆောင်သွားသောလမ်းဖြစ်၏။ ထို့အပြင် လူသား
အားလုံး၏ အပြစ်များကိုသယ်ဆောင်သွား နိုင်သော
လမ်းဖြစ်၏။
၃ ငါတို့သည် ဘုရားသခင် သွန်သင်သမျှကို
နာခံလျှင် ဘုရားသခင်ကိုအမှန်သိကြောင်းသေချာ
စေသည်။ ၄ လူတစ်ယောက်က "ငါသည် ဘုရား
သခင်ကို သိသည်"ဟု ပြောပြီး ဘုရားသခင်၏ မိန့်
မှာချက်ကို မနာခံလျှင် ထိုသူသည် လူလိမ်ဖြစ်၏။
သမ္မာတရားသည် သူ၌မရှိ။ ၅ သို့သော် ထိုသူသည်
ဘုရားသခင်၏သွန်သင်မှုကိုနာခံလျှင် ဘုရားသခင်
၏ချစ်ခြင်းမေတ္တာပန်းတိုင်သည် ထိုသူအထဲ၌ အ
မှန်ပင် ရောက်ရှိလေပြီ။ ထိုသို့ဖြစ်လျှင် ငါတို့သည်
ဘုရားသခင်၏ နောက်တော်ကို လိုက်လျှောက်
ကြောင်း သိနိုင်သည်။ ၆ လူတစ်ယောက်သည် ဘုရား
သခင်၌အသက်ရှင်သည်ဟု ပြောလျှင် သူသည်
ယေရှုကဲ့သို့ အသက်ရှင်ရမည်။

## အခြားသူများကိုချစ်ရန် မိန့်တော်မူခြင်း

၇ချစ်မိတ်ဆွေတို့ ငါသည် မိန့်ကြားချက်အသစ်
ကို သင်တို့အား ရေးပေးခြင်းမဟုတ်ပါ။ ရှေးဦးက
ပင်ရှိထားသော မိန့်ကြားချက်ပင်ဖြစ်၏။ ထိုမိန့်ကြား
ချက်သည် သင်တို့ကြားခဲ့ပြီးသော သွန်သင်မှုများ
ဖြစ်၏။ ၈ သို့သော် ဤမိန့်ကြားချက်အသစ်ကို ငါ
ရေးလိုက်၏။ ဤ မိန့်ကြားချက်သည် မှန်ကန်၏။
၎င်း၏ မှန်ကန်မှုကို ယေရှုနှင့် သင်တို့အထဲတွင်
တွေ့မြင်နိုင်ပါသည်။ အမှောင်*(အပြစ်)*သည်ကျော်
လွန်သွားပြီး မှန်ကန်သောအလင်းသည်လင်းလျက်
နေ၏။

၉ လူတစ်ယောက်က "ကျွန်ုပ်သည် အလင်း၌
ရှိသည်"ဟုပြောပြီး သူ၏ညီအစ်ကိုကို မုန်းလျှင် ထို
သူသည် အမှောင်*(အပြစ်)*ထဲ၌ပင် ရှိနေသေး၏။
၁၀ညီအစ်ကိုကို ချစ်သောသူသည် အလင်းထဲ၌
အသက်ရှင်သောသူဖြစ်၏။ ထိုသူ၏ စိတ်ထဲတွင်
အမှားပြုလိုစိတ်မရှိပါ။ ၁၁ သို့သော် ညီအစ်ကိုကို
မုန်းသောသူသည် အမှောင်ထဲ၌ရှိ၏။ အမှောင်ထဲ
တွင် အသက်ရှင်နေ၏။ ထိုသူသည် မိမိဘယ်ကို
သွားနေသည်ကို မသိ။ အဘယ်ဆိုသော် အမှောင်
သည် သူ့ကို မျက်စိမမြင်အောင် ပြုလုပ်ထားသော
ကြောင့်ဖြစ်၏။

၁၂ ချစ်သော ကလေးသူငယ်တို့ သင်တို့ထံ
ငါစာရေးလိုက်ပါ၏။
ခရစ်တော်အားဖြင့် သင်တို့၏
အပြစ်များကို ဖြေလွှတ်သောကြောင့်ဖြစ်၏။
၁၃ ဖခင်တို့ သင်တို့ထံ ငါစာရေးလိုက်၏။
ရှေးကပင် အသက်ရှင်သောသူကို
သင်တို့သိသောကြောင့်ဖြစ်၏။
လူငယ်တို့ သင်တို့ထံ ငါစာရေးလိုက်၏။
သင်တို့သည် မာရ်နတ်ကို
အောင်သောကြောင့်ဖြစ်၏။
၁၄ သူငယ်တို့ သင်တို့ထံ ငါစာရေးလိုက်၏
သင်တို့သည် ခမည်းတော်ကို
သိသောကြောင့်ဖြစ်၏။
ဖခင်တို့ သင်တို့ထံ ငါစာရေးလိုက်၏။
ရှေးဦးက အသက်ရှင်သောသူကို
သိသောကြောင့်ဖြစ်၏။
လူငယ်များတို့
သင်တို့ထံ ငါစာရေးလိုက်၏။
သင်တို့သည် ခွန်အားရှိ၏၊
ဘုရားသခင်၏
နှုတ်ကပတ်တော်သည်
သင်တို့အထဲ၌ အသက်ရှင်၍
မာရ်နတ်ကိုအောင်သောကြောင့်ဖြစ်၏။

၁၅ဤကမ္ဘာလောက၌ရှိသောအရာများကို မချစ်
ကြနှင့်။ ကမ္ဘာလောကကို ချစ်သောသူသည် ခမည်း
တော်*(ဘုရားသခင်)*ကို ချစ်ခြင်းသည် သူ့အထဲ
တွင် မရှိချေ။ ၁၆ ကမ္ဘာလောကရှိ မကောင်းမှုများမှာ
အပြစ်ရှိသော ကိုယ်ကာယတပ်မက်ခြင်းများ၊
အပြစ်ရှိသော မျက်စိတပ်မက်ခြင်း၊
လောကီပစ္စည်းရှိ၍ ဝါကြွားခြင်းတို့ဖြစ်သည်။
သို့သော် ထိုအရာအားလုံးတို့သည် ခမည်းတော်
*(ဘုရားသခင်)* ထံမှ လာသည်မဟုတ်။ ထိုအရာ
အားလုံးသည် ကမ္ဘာလောကမှ လာကြသည်။ ၁၇ဤ
လောကသည် ရွေ့လျားကွယ်ပျောက်သွားတတ်၏။
လူတို့တပ်မက်သော အရာအားလုံးသည်လည်း
ကွယ်ပျောက်တတ်၏။ သို့သော် ဘုရားသခင်၏အလို
တော်အတိုင်းပြုကျင့်သောသူသည် ထာဝရအသက်
ရှင်၏။

## ရန်သူနောက်သို့ မလိုက်ရန် သတိပေးခြင်း

၁၈ ချစ်သားတို့ နောက်ဆုံးသောကာလ ရောက်
လုပြီ။ ခရစ်တော်၏ ရန်သူများလာကြပြီဟု သင်တို့
ကြားခဲ့ရပြီ။ ယခုခရစ်တော်၏ ရန်သူများစွာရှိနှင့်
နေပြီ။ ထို့ကြောင့် နောက်ဆုံးသောကာလရောက်
လုပြီဟု သိရ၏။ ၁၉ ငါတို့ လူစုထဲ၌ ခရစ်တော်၏
ရန်သူများရှိခဲ့သည်။ သို့သော် ထိုသူတို့ ငါတို့နှင့်
အမှန်တကယ် မသက်ဆိုင်သောကြောင့် ထွက်သွား
ကြပြီ။ ငါတို့နှင့် သက်ဆိုင်သောသူဖြစ်လျှင် ငါတို့နှင့်
အတူနေကြလိမ့်မည်။ ထိုကြောင့် သူတို့ ထွက်သွား
ခြင်းသည် သူတို့တစ်ယောက်မျှ ငါတို့နှင့်အမှန်တ
ကယ် မသက်ဆိုင်ကြောင်းကို ပြခြင်းဖြစ်၏။

၂၀ သန့်ရှင်းသောသူ*(ဘုရားသခင် [သို့] ခရစ်
တော်)*ပေးသောဆုကျေးဇူးသည် သင်တို့၌ ရှိ၏။
ထို့ကြောင့် သင်တို့အားလုံး သမ္မာတရားကို သိကြ
၏။ ၂၁ ငါသည် သင်တို့ထံ စာရေးရခြင်းမှာ သင်တို့
သည် အမှန်တရားကို မသိသောကြောင့် ရေးရခြင်း
မဟုတ်ပါ။ သင်တို့သည် အမှန်တရားကို သိသော
ကြောင့် ရေးခြင်းဖြစ်၏။ ထိုသမ္မာတရား၌ မုသာမပါ
ကြောင်း သင်တို့သိကြ၏။

၂၂ လိမ်ညာသောသူသည် မည်သူနည်း။ ယေရှု
သည် ခရစ်တော်မဟုတ်ဟု ပြောသောသူဖြစ်၏။
ယေရှုသည် ခရစ်တော်မဟုတ်ဟုပြောသောသူသည်
ခရစ်တော်၏ရန်သူဖြစ်၏။ ထိုသူသည် ခမည်းတော်

*(ဘုရားသခင်)*နှင့် သားတော်*(ခရစ်တော်)*ကို မယုံ
ကြည်သောသူဖြစ်၏။ ၂၃ သားတော်ကို မယုံကြည်
သောသူသည် ခမည်းတော်ကို မသိပါ။ သို့သော်
သားတော်ကို လက်ခံသောသူသည် ခမည်းတော်
ကိုလည်း လက်ခံ၏။
၂၄ ရှေးဦးကရရှိသော သွန်သင်ချက်ကို ဆက်
၍ လိုက်နာရန် သတိပြုကြပါ။ ထိုသွန်သင်ချက်ကို
လိုက်နာလျှင်သားတော် *(ခရစ်တော်)* နှင့်လည်း
ကောင်း၊ ခမည်းတော် *(ဘုရားသခင်)*နှင့်လည်း
ကောင်းအတူရှိနေမည်။ ၂၅ သားတော်သည် ထာဝရ
အသက်ကို ကတိပေးခဲ့သည်။
၂၆ သင်တို့အား မှားသောလမ်းကို သွေးဆောင်
သောသူတို့အကြောင်းကို ရေးပြခြင်းဖြစ်၏။ ၂၇ ခရစ်
တော်သည် သင့်အား ထူးခြားသောဆုကျေးဇူးကို
ပေး၏။ ထိုဆုကျေးဇူးသည် ယခုပင် သင်နှင့်အတူ
ရှိနေ၏။ ထို့ကြောင့် မည်သူမျှ သင်တို့ကို သွန်သင်
ရန် မလို။ ခရစ်တော်ပေးသော ဆုကျေးဇူးသည်
သင်တို့အားလုံးကို သွန်သင်ပေးသည်။ ထိုဆုကျေး
ဇူးသည် အစစ်အမှန်ဖြစ်၏။ အတုအယောင်မဟုတ်။
ထို့ကြောင့် ခရစ်တော်၏ ဆုကျေးဇူး သွန်သင်သကဲ့
သို့ ခရစ်တော်၌ အသက်ရှင်ကြပါ။
၂၈ ချစ်သားတို့ ခရစ်တော်၌အသက်ရှင်ကြပါ။
ထိုသို့ပြုလျှင် ခရစ်တော်ပြန်ကြွတော်မူသောနေ့တွင်
ငါတို့သည်ကြောက်ရွံ့စိတ်နှင့် ကင်းလိမ့်မည်*(စိတ်ချ
မှုရှိ၏)*။ ငါတို့သည် ကြောက်ရွံ့၍ ပုန်းရှောင်ရန်
လိုမည်မဟုတ်။ ၂၉ ခရစ်တော်သည် ဖြောင့်မတ်၏
ဟု သင်တို့သိကြ၏။ ထို့ကြောင့် မှန်သော *(ကောင်း
သော)*အလုပ်ကို လုပ်သောလူတိုင်း ဘုရား၏သား
များဖြစ်ကြသည်ဟု သိကြ၏။

## ဘုရား၏သားသမီးများ

၃ ခမည်းတော် *(ဘုရားသခင်)* သည် ငါတို့ကို
အလွန်ချစ်တော်မူ၏။ ငါတို့ကို မည်မျှချစ်
တော်မူကြောင်းကိုပြတော်မူ၏။ ကျွန်ုပ်တို့ကိုဘုရား
သခင်၏ သားများဟု ခေါ်၏။ ငါတို့သည် အမှန်ပင်
ဘုရားသခင်၏သားသမီးများဖြစ်ကြ၏။ သို့သော်
ကမ္ဘာပေါ်ရှိလူသားများ*(မယုံကြည်သူများ)*က ငါတို့
သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်းကို
နားမလည်ကြပါ။ အဘယ်ကြောင့်ဆိုသော် ခရစ်
တော်*(ဘုရားသခင်)*ကို မသိကြသောကြောင့်ဖြစ်၏။
၂ ချစ်မိတ်ဆွေတို့ ယခုငါတို့သည် ဘုရား၏သား
သမီးများဖြစ်ကြသည်။ အနာဂတ်တွင် ငါတို့၌ မည်
သို့ဖြစ်မည်ကို မပြသေးပါ။ သို့သော် ခရစ်တော်
ပြန်ကြွလာသောအခါတွင် ကိုယ်တော်နှင့်တူမည်
ကို သိကြ၏။ ငါတို့သည် ခရစ်တော်အား မိမိ
ပင်ကိုယ်အတိုင်း မြင်ကြရမည်။ ၃ ခရစ်တော်သည်
ဖြူစင်၏။ ခရစ်တော်၏အပေါ်တွင် ထိုကဲ့သို့ မျှော်
လင့်သောသူအားလုံးတို့သည် ခရစ်တော်ကဲ့သို့ ဖြူ
စင်အောင် မိမိကိုယ်ကို စောင့်ရှောက်ကြသည်။
၄ လူသည် အပြစ်ပြုလျှင် ဘုရားသခင်၏ပညတ်
တော်ကို ဖောက်ဖျက်၏။ အပြစ်လုပ်ခြင်းသည်
ဘုရားသခင်၏ ပညတ်တော်ကို ဆန့်ကျင်လျက်
အသက်ရှင်ခြင်းဖြစ်၏။ ၅ လူတို့၏ အပြစ်ကို သယ်
ဆောင်သွားရန် ခရစ်တော်ကြွလာသည်ကို သင်တို့
သိကြ၏။ ခရစ်တော်၌ အပြစ်မရှိ။ ၆ ထို့ကြောင့်
ခရစ်တော်၌အသက်ရှင်သောသူတို့သည် အပြစ်ကို
ဆက် ၍ မပြုကြ။ အပြစ်ကို ဆက်၍ပြုသောသူသည်
ခရစ် တော်ကို အမှန်နားမလည်ဘဲ ခရစ်တော်ကို
တစ်ခါ မျှ မသိဘူးသောသူဖြစ်၏။
၇ ချစ်သားတို့၊ သင်တို့ကို မှားသောလမ်းသို့
မည်သူမျှ မသွေးဆောင်စေနှင့်။ ခရစ်တော်သည်
ဖြောင့်မတ်*(ကောင်း)*၏။ ခရစ်တော်ကဲ့သို့ ကောင်း
မြတ်လိုလျှင် မှန်သော*(ကောင်းသော)*အရာကိုလုပ်
ဆောင်ရမည်။ ၈ မာရ်နတ်သည် ရှေးဦးစွာကပင်
အပြစ် လုပ်ခဲ့သည်။ အပြစ်ကို ဆက်၍ ပြုသောသူ
သည် မာရ်နတ်နှင့်သက်ဆိုင်၏။ ဘုရားသခင်၏
သား *(ခရစ်တော်)*သည် မာရ်နတ်၏ လုပ်ဆောင်မှု
များကို ဖျက်ဆီးရန် ကြွလာသည်။
၉ ဘုရားသခင်သည် လူတစ်ယောက်ကို
မိမိ၏သားဖြစ်စေသောအခါ ထိုသူသည် အပြစ်ကို
ဆက်၍ မပြုတတ်။ အဘယ်ကြောင့်ဆိုသော် ဘုရား
သခင်ပေးသောအသက်တာသစ်သည် ထိုသူအထဲ
၌ရှိသောကြောင့်ဖြစ်သည်။ ထိုသူသည် ဘုရားသခင်
၏သားတော်ဖြစ်လာသောကြောင့် အပြစ်ကို
ဆက်၍မပြုနိုင်။ ၁၀ ထို့ကြောင့် ငါတို့သည် ဘုရား
သခင်၏သားသမီးများနှင့် မာရ်နတ်၏ သားသမီး
များကို ခွဲခြား၍ သိနိုင်၏။ ကောင်းသောအကျင့်ကို
မကျင့်သောသူသည် ဘုရားသခင်၏သား မဟုတ်ပါ။
မိမိညီအစ်ကိုကို မချစ်သောသူသည် ဘုရားသခင်
၏သား မဟုတ်။

## ညီအစ်ကိုအချင်းချင်း ချစ်ခြင်း

၁၁ ဤသွန်သင်မှုကို ရှေးဦးကပင် သင်တို့ကြား
ပြီးဖြစ်သည်။ ကျွန်ုပ်တို့ တစ်ဦးကိုတစ်ဦး ချစ်ရမည်။
ကာဣနကဲ့သို့ မဖြစ်စေနှင့်။ ကာဣနသည် မာရ်

နတ်နှင့် သက်ဆိုင်သည်။ ကာဣနသည် သူ၏ညီ
အာဗေလကို သတ်၏။ ကာဣနသည် သူ၏ညီကို
အဘယ်ကြောင့် သတ်ရသနည်းဆိုသော် ကာဣန
၏အကျင့်သည် ဆိုးယုတ်၍ သူ၏ညီ အာဗေလ၏
အကျင့်သည် ကောင်းမြတ်သောကြောင့်ဖြစ်၏။

၁၃ ညီအစ်ကိုမောင်နှမများတို့ လောကီသား
တို့သည် သင်တို့ကို မုန်းလျှင် မအံ့ဩကြနှင့်။ ၁၄ ငါ
တို့သည် ခရစ်တော်၌ငါတို့၏ ညီအစ်ကိုမောင်နှမ
များကို ချစ်သောကြောင့် သေခြင်း*(အပြစ်)*ကို ထား
ခဲ့၍ အသက်ရှင်ကြကြောင်းကို သိကြ၏။ မိမိညီအစ်
ကိုကို မချစ်သော သူသည် သေခြင်း၌ ရှိသေး၏။
၁၅ ညီအစ်ကိုကို မုန်းသောသူသည် လူသတ်သမား
ဖြစ်သည်။ လူသတ်သမားသည် ထာဝရအသက်ကို
မရကြောင်း သင်တို့ သိကြ၏။ ၁၆ မှန်ကန်သောချစ်
ခြင်းအကြောင်းကို ငါတို့ ဤသို့သိရ၏။ ယေရှုသည်
ငါတို့အတွက် မိမိအသက်ကို ပေး၏။ ထို့ကြောင့်
ခရစ်တော်၌ရှိသော ညီအစ်ကိုမောင်နှမများအတွက်
ငါတို့သည် အသက်ကို ပေးသင့်သည်။ ၁၇ ကြွယ်ဝ
ပြည့်စုံသောယုံကြည်သူသည် ခရစ်တော်၌ ညီအစ်ကို
တစ်ဦးဆင်းရဲချို့တဲ့သည်ကိုမြင်လျက် မကူညီလျှင်
ထိုပြည့်စုံသော ယုံကြည်သူ၌ ဘုရားသခင်၏ချစ်
ခြင်းမေတ္တာမရှိ။ ၁၈ ချစ်သားတို့ ငါတို့၏ ချစ်ခြင်းသည်
စကားနှင့်အပြောသက်သက် မဖြစ်သင့်။ ငါတို့၏
ချစ်ခြင်းမေတ္တာသည် စစ်မှန်ရမည်။ ထိုချစ်ခြင်း
မေတ္တာကို ငါတို့၏အပြုအမူအားဖြင့် သက်သေပြရ
မည်။

၁၉-၂၀ ဤနည်းဖြင့် ငါတို့သည် စစ်မှန်သောလမ်း
နှင့် သက်ဆိုင်သောသူဖြစ်ကြသည်ကို သိရ၏။ ငါ
တို့စိတ်တွင် အပြစ်ရှိသည်ဟု ခံစားရသော်လည်း
ဘုရားသခင်၌ငြိမ်သက်မှုရှိကြ၏။ အဘယ်ကြောင့်
ဆိုသော် ဘုရားသခင်သည် ငါတို့၏စိတ်နှလုံးထက်
သာ၍ကြီးမြတ်၏။ ဘုရားသခင်သည် အရာအားလုံးကို
သိတော်မူ၏။

၂၁ ချစ်မိတ်ဆွေတို့ အမှားမပြုဟု စိတ်ကြည်
လင်လျှင်ဘုရားသခင်ထံသို့ လာသောအခါကြောက်
ရွံ့ခြင်းရှိမည်မဟုတ်*(စိတ်ချမှုရှိသည်)*။ ၂၂ ငါတို့
တောင်းလျှောက်သောအရာအားလုံးကို ဘုရား
သခင်ပေးတော်မူ၏။ ဘုရားသခင်မိန့်မှာသောအရာ
များကို နာခံပြီး ဘုရားသခင်နှစ်သက်သောအရာ
များကိုပြုလုပ်သောကြောင့် ထိုအရာများကို ကျွန်ုပ်
တို့ရရှိ၏။ ၂၃ ဘုရားသခင်မိန့်မှာမူချက်မှာ မိမိ၏
သားတော်ယေရှုခရစ်တော်ကို ယုံကြည်ပြီး အချင်း
ချင်း ချစ်ကြရန်ဖြစ်၏။ ၂၄ ဘုရားသခင်၏ မိန့်မှာတော်
မူချက်ကို နာခံသောသူသည် ဘုရား၌အသက်ရှင်
သည်။ ထိုသူ၌လည်း ဘုရားသခင်အသက်ရှင်တော်
မူ၏။ ဘုရားသခင်သည် ငါတို့၌ အသက်ရှင်ကြောင်း
မည်သို့ သိနိုင်သနည်း။ ဘုရားသခင်ပေးတော်မူ
သောဝိညာဉ်တော်ကြောင့် ငါတို့ သိနိုင်၏။

## ဆရာအတုအယောင်များကို သတိပေးသော ယောဟန်

၄ ချစ်မိတ်ဆွေတို့ ဤကမ္ဘာလောကတွင် ဆရာ
အတုအယောင်များစွာရှိ၏။ ထို့ကြောင့်ဝိညာဉ်
အားလုံးကို မယုံကြည်ကြပါနှင့်။ ဘုရားသခင်ထံမှ
လာသောဝိညာဉ် ဟုတ် မဟုတ်ကို ဆန်းစစ်ကြပါ။
၂ ဘုရားသခင်၏ ဝိညာဉ်ဖြစ်လျှင် ယေရှုခရစ်သည်
လူ့ဇာတိကို ခံယူပြီး ဤလောကသို့ ဆင်းလာကြောင်း
ကို ယုံကြည်၏။ ထိုဝိညာဉ်သည် ဘုရားသခင်ထံမှ
လာ၏။ ၃ ယေရှုခရစ်ကိုငြင်းပယ်သော ဝိညာဉ်သည်
ဘုရားသခင်ထံမှ လာသောဝိညာဉ် မဟုတ်။ ခရစ်
တော်၏ ရန်သူထံမှလာသော ဝိညာဉ်ဖြစ်၏။ ခရစ်
တော်၏ရန်သူများ လာလိမ့်မည်ဟု သင်တို့ ကြားပြီး
ဖြစ်၏။ ယခုကမ္ဘာပေါ်တွင် ခရစ်တော်၏ရန်သူများ
ရှိနှင့်နေပြီဖြစ်၏။

၄ ချစ်သားတို့ သင်တို့သည် ဘုရားသခင်နှင့်
သက်ဆိုင်ကြ၏။ ထို့ကြောင့် သူတို့ကို *(ဆရာအတု)*
အောင်နိုင်၏။ အဘယ်ကြောင့်ဆိုသော် သင်နှင့်
အတူရှိသောသူ*(ဘုရားသခင်)*သည် ကမ္ဘာပေါ်ရှိ
လူတို့ထံတွင် ရှိသောသူ*(မာရ်နတ်)*ထက် ကြီးမြတ်
သောကြောင့်ဖြစ်၏။ ၅ ထိုသူတို့*(ဆရာအတု)*သည်
လောကနှင့် သက်ဆိုင်ကြ၏။ ထို့ကြောင့် သူတို့
ပြောသောစကားသည် လောကမှလာသည်။ လောကီ
သားများသည် သူတို့ပြောသမျှကို နားထောင်ကြ၏။
၆ သို့သော် ငါတို့သည် ဘုရားသခင်ထံမှ ဖြစ်ကြ၏။
ထို့ကြောင့် ဘုရားသခင်ကို သိသောသူတို့သည် ငါ
တို့ကိုနားထောင်ကြ၏။ ထိုသို့သောအားဖြင့် စစ်မှန်
သောဝိညာဉ်နှင့် ဝိညာဉ်အတုအယောင်ကို သိရ၏။

## မေတ္တာသည် ဘုရားသခင်ထံမှလာသောမေတ္တာ

၇ ချစ်မိတ်ဆွေတို့ ငါတို့သည် တစ်ဦးကို တစ်ဦး
ချစ်ကြရမည်။ အဘယ်ကြောင့်ဆိုသော် ချစ်ခြင်း
မေတ္တာသည် ဘုရားသခင်ထံမှ လာ၏။ ချစ်ခြင်း
မေတ္တာရှိသောသူသည် ဘုရားသခင်၏သားဖြစ်၏။
ချစ်ခြင်းမေတ္တာရှိသောသူသည် ဘုရားသခင်ကို သိ
၏။ ၈ ချစ်ခြင်းမေတ္တာမရှိသောသူသည် ဘုရားကို

မသိ။ အကြောင်းမူကား ဘုရားသခင်သည် ချစ်
ခြင်းမေတ္တာဖြစ်တော်မူ၏။ ၉ ဘုရားသခင်သည် ငါ
တို့ကို ချစ်ကြောင်းဖော်ပြရန် မိမိ၏တစ်ဦးတည်း
သောသားတော်ကို ကမ္ဘာလောကသို့ စေလွှတ်၏။
၁၀ စစ်မှန်သောမေတ္တာသည် ဘုရားသခင်၏မေတ္တာ
ဖြစ်၏။ ဘုရားသခင်ကိုချစ်သော ငါတို့၏မေတ္တာ
မဟုတ်ပါ။ ဘုရားသခင်သည် ငါတို့အပြစ်များကို
ယူဆောင်ရန် မိမိ၏သားတော်ကို စေလွှတ်တော်
မူ၏။
၁၁ ဘုရားသခင်သည် ငါတို့ကို ဤမျှလောက်
ချစ်လျှင် ထိုမေတ္တာကိုထောက်၍ ငါတို့သည်လည်း
တစ်ယောက်ကို တစ်ယောက်ချစ်ကြရမည်။ ၁၂ မည်
သူမျှ ဘုရားသခင်ကို မတွေ့ဘူးကြပါ။ သို့သော်
ငါတို့သည် တစ်ဦးကိုတစ်ဦး ချစ်ကြလျှင် ဘုရား
သခင်သည် ငါတို့အထဲတွင် အသက်ရှင်၏။ ငါတို့
တစ်ဦးကိုတစ်ဦး ချစ်ကြသောအခါ ဘုရားသခင်၏
ချစ်ခြင်းမေတ္တာသည်ပြည့်စုံခြင်းသို့ရောက်ပြီး ဘုရား
သခင်၏ ရည်ရွယ်ချက်ကို ပြီးမြောက်စေ၏။
၁၃ ငါတို့သည် ဘုရားသခင်၌ အသက်ရှင်ပြီး
ဘုရားသခင်သည် ငါတို့၌ အသက်ရှင်ကြောင်းကို
ငါတို့သိကြ၏။ အကြောင်းမှာ ဘုရားသခင်သည်
မိမိ၏ဝိညာဉ်တော်အားဖြင့် ဖော်ပြ၏။ ၁၄ ဤလောက
ကို ကယ်တင်ရန် ခမည်းတော်သည် မိမိ၏သားတော်
ကို စေလွှတ်ခဲ့ကြောင်းကို ငါတို့သိကြ၏။ ငါတို့
ယခုထိုအကြောင်းကို လူတို့အား ပြောပြကြ၏။ ၁၅ လူ
တစ်ဦးတစ်ယောက်က “ယေရှုအား ဘုရားသခင်၏
သားတော်ဖြစ်ကြောင်း ယုံကြည်သည်”ဟု ပြောလျှင်
ထိုသူအထဲတွင် ဘုရားသခင်အသက်ရှင်၏။ ထိုသူ
သည် ဘုရားသခင်နှင့်အတူ အသက်ရှင်၏။ ၁၆ ထို့
ကြောင့် ငါတို့ကို ချစ်သောဘုရားသခင်၏ မေတ္တာ
ကို ငါတို့ သိကြ၏။ ထိုမေတ္တာကို ငါတို့ ယုံကြ၏။
ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ
၏။ ချစ်ခြင်းမေတ္တာနှင့် အသက်ရှင်သောသူသည်
ဘုရားသခင်နှင့်အသက်ရှင်၏။ ဘုရားသခင်သည်
လည်း ထိုသူနှင့်အသက်ရှင်၏။ ၁၇ ဘုရားသခင်၏
ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ထဲတွင် ပြည့်စုံနေ
လျှင် ဘုရားသခင် စီရင်တော်မူသည့်နေ့ရက်တွင်
ငါတို့ ကြောက်ရွံ့ရန် မလိုပါ။ အကြောင်းမှာ ဤ
ကမ္ဘာလောတွင် ငါတို့သည် *(ခရစ်တော်[သို့]ဘုရား
သခင်)*တူသောကြောင့် ငါတို့၌ ကြောက်ရွံ့စိတ်
မရှိကြ။ ၁၈ ဘုရားသခင်၏ချစ်ခြင်းမေတ္တာရှိလျှင်
ကြောက်စိတ်မရှိတတ်။ အကြောင်းမှာ ဘုရားသခင်
၏ပြည့်စုံသော ချစ်ခြင်းမေတ္တာသည် ကြောက်ရွံ့ခြင်း
ကို ဖယ်ရှားပစ်၏။ ဘုရားသခင်၏ စီရင်အပြစ်ပေး
ခြင်းသည် လူတို့ကို ကြောက်ရွံ့စေသည်။ ထို့ကြောင့်
ကြောက်ရွံ့တတ်သောသူ၌ ဘုရားသခင်၏ ချစ်ခြင်း
မေတ္တာသည် ပြည့်စုံခြင်း မရှိပါ။
၁၉ ဘုရားသခင်သည် ဦးစွာချစ်သောကြောင့် ငါ
တို့သည် ဘုရားသခင်ကို ချစ်ကြသည်။ ၂၀ လူတစ်
ယောက်က ဘုရားသခင်ကို ချစ်သည်ဟု ပြောသော်
လည်း သူ၏ ညီအစ်ကို မောင်နှမများကို မုန်းလျှင်
ထိုသူသည် လိမ်ညာသောသူဖြစ်၏။ ထိုသူသည် သူ
၏ညီအစ်ကိုကို မြင်လျက်ပင် မုန်း၏။ ထို့ကြောင့်
ထို သူသည် ဘုရားသခင်ကို မချစ်ပါ။ အဘယ်
ကြောင့်ဆိုသော် ထိုသူသည် ဘုရားသခင်ကို မမြင်
သောကြောင့်ဖြစ်၏။ ၂၁ ဘုရားသခင်ကို ချစ်သော
သူသည် မိမိညီအစ်ကိုကို ချစ်ရမည်ဟု ဘုရားသခင်
မိန့်မှာတော်မူ၏။

## လောကကို အောင်ခြင်း

၅ ယေရှုသည် ခရစ်တော်ဖြစ်သည်ဟု ယုံကြည်
သောသူတို့သည် ဘုရားသခင်၏ သားသမီးများ
ဖြစ်ကြ၏။ ခမည်းတော် *(ဘုရားသခင်)* ကို ချစ်သော
သူသည် ခမည်းတော်၏သားသမီးများကိုလည်း ချစ်
ရမည်။ ၂ ဘုရားသခင်၏သားသမီးများကို ချစ်ကြောင်း
မည်ကဲ့သို့ သိနိုင်မည်နည်း။ ငါတို့သည် ဘုရား
သခင်ကိုချစ်ပြီး ကိုယ်တော်၏မိန့်မှာချက်များကို
နာခံခြင်းအားဖြင့် သိနိုင်၏။ ၃ ဘုရားသခင်ကို ချစ်
ခြင်းသည် ဘုရားသခင်၏မိန့်မှာချက်များကို နာခံ
ခြင်းဖြစ်သည်။ ဘုရားသခင်၏မိန့်မှာချက်သည်
ငါတို့အတွက် မခဲယဉ်းပါ။ ၄ အဘယ်ကြောင့်ဆို
သော် ဘုရားသခင်၏သားဖြစ်သူတိုင်း လောကကို
အောင်မြင်နိုင်သော တန်ခိုးရှိသောကြောင့်ဖြစ်၏။
၅ ငါတို့၏ယုံကြည်ခြင်းသည်သာလျှင် လောကကို
အောင်နိုင်ခြင်းဖြစ်၏။ ထို့ကြောင့် လောကကို
အောင်နိုင်သောသူသည် မည်သူနည်း။ ယေရှုသည်
ဘုရားသခင်၏သားဖြစ်ကြောင်း ယုံကြည်သောသူ
သာဖြစ်သည်။

## သားတော်အကြောင်း ကို ပြောပြခြင်း

၆ ယေရှုခရစ်တော် တစ်ဦးသည်သာ လောကသို့
ကြွလာ၏။ ယေရှုသည် ရေနှင့်လည်းကောင်း၊ သွေး
နှင့်လည်းကောင်းကြွလာ၏။ ယေရှုသည် ရေတစ်ခု
တည်းနှင့်သာလာခြင်းမဟုတ်။ ရေနှင့် သွေးနှစ်ခု
စလုံးဖြင့်ကြွလာ၏။ ဝိညာဉ်တော်ကလည်း မှန်ကန်

ကြောင်းပြော၏။ ဝိညာဉ်တော်သည် သမ္မာတရား
ဖြစ်၏။ ၇ ထို့ကြောင့် ယေရှုအကြောင်းကိုသက်သေခံ
သောသူ သုံးဦးရှိ၏။ ၈ ဝိညာဉ်တော်၊ ရေနှင့် သွေးဖြစ်
၏။ ဤသက်သေသုံးဦးသည်လည်း သဘောတူညီ
ကြ၏။ ၉ လူတို့သည် မှန်သောအရာကို ပြောသော
အခါ ငါတို့ ယုံကြ၏။ ထိုသို့ဆိုသော် ဘုရားသခင်
ပြောသောအရာများသည် ပို၍အရေးကြီးပေသည်။
ဘုရားသခင်သည် မိမိ၏သားတော်အားဖြင့် အမှန်
ကို ပြောဆိုသည်။ ၁၀ ဘုရားသခင်၏သားတော်ကို
ယုံကြည်သောသူသည် ဘုရားသခင်ပြောသော သမ္မာ
တရားကို ရ၏။ ဘုရားသခင်ကို မယုံကြည်သောသူ
သည် ဘုရားသခင်အား လိမ်ညာသောသူဖြစ်စေ၏။
အကြောင်းမှာ ထိုသူသည် ဘုရားသခင်၏သားတော်
အကြောင်းကို ပြောပြရာ၌ မယုံသောကြောင့်ဖြစ်
သည်။ ၁၁ ဘုရားသခင်သည် ငါတို့ကို ထာဝရအသက်
ပေး၏။ ထိုထာဝရအသက်သည် သားတော် *(ယေရှု)*
၌ရှိ၏။ ၁၂ သားတော်ကို ရသောသူသည် စစ်မှန်သော
အသက်ကို ရ၏။ သို့သော် ဘုရားသခင်၏ သားတော်
ကို မရသောသူသည် အသက်ကို မရ။

**ထာဝရအသက်ကို ယခုရပြီ**

၁၃ ဘုရားသခင်၏သားတော်ကို ယုံကြည်သော
သင်တို့သည် ယခုပင် ထာဝရအသက်ရသည်ကို
သိကြရန် ဤစာကို ရေးလိုက်၏။ ၁၄ ဘုရားသခင်ထံ
သို့ သံသယမရှိဘဲ လာနိုင်ပါသည်။ ဆိုလိုသည်မှာ
ဘုရားသခင်ကို တောင်းသောအခါ (ဘုရားသခင်
အလိုတော်နှင့်ညီသောအရာများဖြစ်လျှင်) ငါတို့
တောင်းသမျှကို ဘုရားသခင် နားညောင်းတော်မူ
သည်။ ၁၅ ငါတို့ ဆုတောင်းသည့်အခါတိုင်း ဘုရား
သခင်သည်နားညောင်းတော်မူသဖြင့် ငါတို့တောင်း
သောအရာများကို ပေးမည်ဟု ငါတို့သိကြ၏။
၁၆ ခရစ်တော်၌ညီအစ်ကိုမောင်နှမများ အပြစ်
(ထာဝရသေခြင်းသို့ ပို့ဆောင်သောအပြစ်မဟုတ်)
လုပ်သည်ကို တွေ့မြင်လျှင် ထိုညီအစ်ကို မောင်
နှမအတွက် ဆုတောင်းပေးရမည်။ သို့မှသာ ထို
ညီအစ်ကိုမောင်နှမများကိုဘုရားသခင်က အသက်
ကို ပေးလိမ့်မည်။ ထာဝရသေခြင်းသို့ ပို့ဆောင်
သောအပြစ်မမဟုတ်သော်လည်း သေခြင်း(ခန္ဓာ)
ကိုခံထိုက်သော အပြစ်လည်း ရှိ၏။ ထိုအပြစ်အတွက်
ဆုတောင်းရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ ၁၇ မှား
ယွင်းသောအမှုကိုပြုခြင်းသည် အပြစ်ဖြစ်၏။ သို့ရာ
တွင် ထာဝရသေခြင်းသို့ မပို့သောအပြစ်များရှိ၏။
၁၈ ဘုရားသခင်၏သားအဖြစ် ခံစားရရှိသူတိုင်း
သည် အပြစ်မလုပ်တော့ဟု ငါတို့ သိကြ၏။ ဘုရား
သခင်၏သားတော်သည် ထိုသူကို လုံခြုံမှုပေးတော်
မူ၏။ မာရ်နတ်သည် ထိုသူကို မထိခိုက်စေနိုင်ပါ။
၁၉ ငါတို့သည် ဘုရားသခင်နှင့် သက်ဆိုင်သည်ကို
သိကြသည်။ သို့ရာတွင် မာရ်နတ်သည် ဤလောက
ကို ထိန်းချုပ်ထား၏။ ၂၀ ဘုရားသခင်၏ သားတော်
ကြွလာပြီးဖြစ်ကြောင်း ငါတို့ သိကြသည်။ ဘုရားသ
ခင်၏သားတော်သည်နားလည်မှုကိုပေးသည်။ ယခု
ငါတို့သည် ဘုရားသခင်ကို သိကြ၏။ ဘုရားသခင်
သည် မှန်သောဘုရားဖြစ်၏။ ငါတို့၏အသက်သည်
မှန်သောဘုရားနှင့် သားတော်ခရစ်တော်၏လက်ထဲ
၌ရှိ၏။ ခရစ်တော်သည် မှန်သောဘုရားသခင်ဖြစ်ပြီး
ထာဝရအသက်လည်းဖြစ်၏။ ၂၁ ထို့ကြောင့် ချစ်သား
တို့၊ ရုပ်တုကိုးကွယ်ခြင်းမှ ဝေးရာသို့ ရှောင်ကြပါ။

ရှင်ယောဟန်ဩဝါဒစာပထမစောင်ပြီး၏။